# STREAM

## ငါးလုပ်ငန်းဆိုင်ရာ ပေါ်လစီအကျဉ်းချုပ်

www.streaminitiative.org

,အကျဉ်းချုပ်

**အမှတ်–၂**

**ဘာအကြောင်းကိုဖေါ်ပြပါသလဲ ?** ငါးလုပ်ငန်း၊ငါးမွေးမြူရေးလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းလျက်ရှိသူများကိုသရုပ်ခွဲခြင်းနှင့်ကူညီပံ့ပိုးမှုပေးခြင်းဖြစ်ပါသည်။

**သင်သည် ...**
လုပ်ငန်းရည်မှန်းချက်၊ အခြေအနေဆိုးဝါးမှုရောက်ရှိခြင်း၊သယံဇာတနှင့်လူ့ပတ်ဝန်းကျင်အခြေအနေကိုသိဘိုပါကဤစာစဉ်ကိုဖတ်ပါ။

**အောက်ပါအကြောင်းအရာများနှင့်ပတ်သက်၍လည်းသိရှိနိုင်ပါသည်။**

- ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင်ငါးလုပ်ငန်းစီမံခန့်ခွဲခြင်း၏အရေးပါမှုကို သိရှိနိုင်ခြင်း။
- ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကြောင်းမှုများကိုသရုပ်ခွဲလေ့လာခြင်း၊အသက်မွေးဝမ်းကြောင်းနည်းလမ်းများကိုသိရှိနားလည်နိုင်စွမ်းရှိလာရန်အခြေအနေတည်ဆောက်ခြင်း။
- အများရွေးချယ်တောင်းဆိုမှုကိုထည့်သွင်းစဉ်းစားခြင်း၊သယံဇာတပတ်ဝန်းကျင်နှင့် ထိုသယံဇာတကိုအသုံးချပြီး အသက်မွေးဝမ်းကြောင်းနိုင်မှုအခြေအနေကို ထည့်သွင်းစဉ်းစားခြင်း။
- ဖွံ့ဖြိုးရေးနည်းဗျူဟာများချမှတ်ရာတွင်အများဆောင်ရွက်နိုင်သောအသက်မွေးဝမ်းကြောင်းမှုကိုအခြေခံပြီးအကောင်အထည်ဖေါ်နိုင်မည့် ပေါ်လစီများချမှတ်ခြင်း။
- ရေလုပ်သားများနှင့်တောင်သူလယ်သမားများဆင်းရဲနွမ်းပါးမှုဖြစ်စေသောအခြေခံအကြောင်းတရားနှင့်ငါးလုပ်ငန်းပေါ်လစီချိတ်ဆက်နိုင်မှုကိုပိုမို သိရှိနားလည်ရန်ဆောင်ရွက်ခြင်း။

အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကိုသရုပ်ခွဲလေ့လာရာတွင်အများပါဝင်လုပ်ကိုင်သောနည်းလမ်းဖြင့်ဆောင်ရွက်ခြင်းတစ်ခါတစ်ရံကျေးလက်ပြည်သူများပါဝင်သောအဖွဲ့ဖြင့် ဆောင်ရွက်ခြင်း ။

အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကိုလေ့လာခြင်း၊ သရုပ်ခွဲခြင်းတွင်ရေလုပ်ငန်းသယံဖာတဖြစ်တည်ရှိမှုကိုဗဟိုပြုလေ့လာခြင်းမပြုပဲလူအများအသက်မွေးဝမ်းကြောင်းမှုပြုလျက်ရှိသောအခြေအနေကို ဗဟိုပြုလေ့လာရန်ဖြစ်ပါသည်။

အသက်မွေးဝမ်းကြောင်းမှုအခြေအနေများကိုလေ့လာခြင်းဖြင့်မိမိတို့သည်ဆင်းရဲနွမ်းပါးသူများ၏လိုအပ်ချက်များကိုကူညီပံ့ပိုးပေးရန်ဆောင်ရွက်ခြင်းတွင် တန်ဖိုးရှိသောအချက်အလက်များရရှိနိုင်ခြင်း စွမ်းဆောင်မှုအပေါ်ထိမ်းသိမ်းစေါင့်ရှောက်ခြင်း အကျိုးဖြစ်ထွန်းမှုကိုတိုင်းတာခြင်းစသည်များကိုဆောင်ရွက်နိုင်ပါမည်။

မတ် လ ၂၀၀၅

အကျဉ်းချုပ်အားဖြင့်

# ငါးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကြောင်းခြင်း

... ကို စါ ၂ မျက်နှာဖြင့်ဖေါ်ပြခြင်း

ဤစာစဉ်ပါအချက်အလက်များမှသင်သည်တစ်ခုကိုသာလုပ်နိုင်မည်ဆိုလျှင်အောက်ပါအကြောင်းအရာကိုဦးစားပေးပါ ...
ရေနေသက်ရှိသယံဇာတအရင်းအမြစ်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကိုအထောက်အပံ့ဖြစ်စေရာတွင် အကန့်အသတ်ဖြင့်ရှိနေသောသယံဇာတကိုမှီခိုနေရသူများကို အထူးသဖြင့်ဦးစားပေးရန်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ငါးလုပ်ငန်းအဖွဲ့အစည်းများနှင့် ငါးလုပ်သားများကို နားလည်မှုအသိ နှင့် အကောင်အထည်ဖေါ်နိုင်မည့်နည်းလမ်း၊ ကျွမ်းကျင်မှုအရည်အသွေးများကို မြှင့်တင်ပေးရပါမည်။

## ခြုံငုံတင်ပြခြင်း ...

အများ တောင်းဆိုချက်ကိုထိရောက်စွာဖြည့်ဆည်းပေးနိုင်မည့်ငါးလုပ်ငန်းဆိုင်ရာပေါ်လစီချမှတ်ခြင်းနှင့်လိုက်နာဆောင်ရွက်ခြင်းသည်အချက်အလက်များစွာကိုအခြေခံလျက်ရှိပါသည်။ တစ်ခါတစ်ရံသဘောထားကွဲလွဲမှုများနှင့်လည်းကြုံတွေ့ရပါသည်။ အဓိကအရေးကြီးသောအကြောင်းအရာ(၃)ခုသာရှိပါသည်။ ၎င်းတို့မှာ လူအများအသက်မွေးဝမ်းကြောင်းမှုကို သရုပ်ခွဲလေ့လာနိုင်စွမ်းရှိခြင်း၊ နိုင်ငံတော်ကချမှတ်ထားသောလမ်းကြောင်းကိုသိနားလည်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းပတ်ဝန်းကျင်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းကိုနိုင်ငံတော်အဆင့်ငါးလုပ်ငန်းဖွံ့ဖြိုးရေးမဟာဗျူဟာ (Country-level Development Strategies) ဟုအသိအမှတ်ပြုလာကြပါသည်။

- အာရှနှင့်ပစိဖိတ်ဒေသများတွင်ရေနေသက်ရှိသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်းကိုသုတေသနနှင့်နည်းစနစ်ဖေါ်ထုတ်ခြင်းအဆင့်တွင်သာအာရုံစူးစိုက်ထားကြပါသည်။သို့ရာတွင်နိုင်ငံအလိုက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တွင် ငါးလုပ်ငန်းသည်ပိုမိုအရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာဆင်းရဲနွမ်း ပါးသူများ၏အသက်မွေးဝမ်းကြောင်းမှုတွင်ငါးလုပ်ငန်း၏အခန်းကဏ္ဍကိုသိရှိရန်လိုအပ်လာပါသည်။
- ထို့ကြောင့်အသက်မွေးဝမ်းကြောင်းမှုများကိုသရုပ်ခွဲလေ့လာခြင်း(Livelihood Analysis)နှင့် အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများ (Livelihood Approaches) ကိုသိရှိနားလည်နိုင်စွမ်းရှိလာရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။
- အသက်မွေးဝမ်းကြောင်းမှုများကိုသရုပ်ခွဲခြင်း (Livelihoods analysis) သည် ကျေးလက်များတွင်သဘာဝသယံဇာတတည်ရှိမှု၊ ထိုသယံဇာတကိုဖေါ်ထုတ်သုံးစွဲနိုင်မှု၊ အခြေအနေဆိုးသို့ ရောက်ရှိရန်အလားအလာ၊ ရွေးချယ်လုပ်ကိုင်နိုင်သောအခွင့်အလမ်း၊ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများဖေါ်ထုတ်ခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည်ရှုပ်ထွေးမှုမရှိသော်လည်း အကောင်အထည်ဖေါ်ရာတွင်အသစ်အဆန်းကဲ့သို့ဖြစ်နေတတ်ပါသည်။
- အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများ (Livelihood Approaches)ကိုသိရှိရန်ဆောင်ရွက်ခြင်းသည် လက်ရှိလုပ်ကိုင်လျက်ရှိသောအသက်မွေးဝမ်းကြောင်းခြင်း၊ သယံဇာတကိုမှီခိုနိုင်ခြင်း၊ အသက်မွေးဝမ်းကြောင်းမှုအတွက် သယံဇာတကိုအသုံးချနိုင်မှုအခြေအနေကိုဖေါ်ထုတ်ခြင်းဖြစ်ပါသည်။ဤသို့လေ့လာရာတွင်လူအများအသက်မွေးဝမ်းကြောင်းမှုနည်းလမ်းကိုဦးတည်ဖေါ်ထုတ်ရန်ဖြစ်ပါသည်။ရေနေသက်ရှိသယံဖာတကိုအမှီပြု အသက်မွေးဝမ်းကြောင်းခြင်း တစ်ခုတည်းကိုသာဖေါ်ညွှန်းရန်မဟုတ်ပါ။
- ရေနေသက်ရှိသယံဇာတကိုအသုံးချခြင်း၊ စီမံခန့်ခွဲခြင်း၊ ကိုလေ့လာခြင်းဖြင့်အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများကိုပိုမို ကျယ်ပြန့်စွာလေ့လာနိုင်မည်ဖြစ်ပါသည်။ လူဘဝရပ်တည်ခြင်းတွင် နက်နဲရှုပ်ထွေးမှုများကိုသိရှိလာသည်နှင့်အမျှ ငါးမွေးမြူရေး၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည်ဖြင့် အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကိုသာကွင်းကွက်သိမြင်နိုင်သောအခြေအနေကိုကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးသူများသည် အသက်မွေးဝမ်းကြောင်းမှုအတွက်အလုပ်မျိုးစုံလုပ်ကြရပါသည်။ ထိုလုပ်ငန်းများမှ ရေနေသက်ရှိသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ဆက်စပ်ပြီး မွေးမြူခြင်း၊ငါးဖမ်းခြင်း၊ အလုပ်သမားအဖြစ်ပါဝင်လုပ်ကိုင်ခြင်း၊ ကုန်စည်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းစသည်ဖြင့်လုပ်ငန်းများဖြစ်ပေါ်လျက်ရှိပါသည်။

→ ငါးလုပ်ငန်းဆောင်ရွက်လျက်ရှိသူများမှာ နည်းစနစ်အရ လေ့ကျင့်သင်ကြားထားသူများဖြစ်ကြပါသည်။ သို့ရာတွင်အသက်မွေးဝမ်းကြောင်းမှုများကိုသရုပ်ခွဲနိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်းမှုများဖြစ်ပေါ်လာစေရန်ဆောင်ရွက်နိုင်သော အခြေအနေကိုဖေါ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။

## အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလေ့လာခြင်းကိုရှင်းလင်းဖော်ပြခြင်း

- အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုလေ့လာခြင်းသည် လူအများက သယံဇာတကိုဖေါ်ထုတ်သုံးစွဲခြင်း၊ လူနှင့်သယံဇာတဆက်သွယ်မှုများကိုနက်ရှိုင်းစွာဖေါ်ထုတ်လေ့လာခြင်းဖြစ်ပါသည်။

- အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကိုလေ့လာရာတွင် လက်ရှိတွင်အရေးပါနေသော၊ အားသာနေသောသယံဇာတကိုညီညွတ်မျှတစွာအသုံးချနိုင်ခြင်းသာမက၊ သယံဇာတကိုအသုံးချနေသူများ၏ အတွေ့အကြုံဗဟုသုတ၊ သုံးစွဲမှုအစီအစဉ်၊ သုံးစွဲနိုင်မည့်ကာလအပိုင်းအခြား၊ ငွေကြေးနှင့်လုပ်ငန်းအကောင်အထည်ဖေါ်နိုင်မှုတို့ကိုလည်းထည့်သွင်းရှုမြင်နိုင်ရမည်ဖြစ်ပါသည်။

- ငါးလုပ်ငန်းအခြေခံအသက်မွေးဝမ်းကြောင်းမှုများကိုလေ့လာခြင်းဖြင့် အကြောင်းအရာ(၂) ခုဖြစ်ထွန်းလာရန်ရည်မှန်းချက်ထားနိုင်ပါသည်။ “ရေလုပ်သားများ၊ ငါးမွေးမြူသူများအတွင်းဆင်းရဲနွမ်းပါးမှု ဖြစ်ပေါ်ရခြင်းနှင့်လက်ရှိငါးလုပ်ငန်းပေါ်လစီဆက်စပ်မှု” နှင့် “ဆင်းရဲနွမ်းပါးသူများအသက်မွေးဝမ်းကြောင်းခြင်းတွင်ရေနေသက်ရှိသယံဇာတ။အခန်းကဏ္ဍ” ဖြစ်ပါသည်။

- အသက်မွေးဝမ်းကြောင်းမှုများကိုလေ့လာခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းစေသော အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများကိုဖေါ်ဆောင်ရွက်ပေးနိုင်ပါမည်။ ထို့အတူဆင်းရဲနွမ်းပါးသူများကိုဖြည့်ဆည့်ပေးရာတွင် အကျိုးဖြစ်ထွန်းမှုကိုထိန်းသိမ်းစောင့်ကြည့်ခြင်း၊ တိုင်းတာခြင်းပြုလုပ်နိုင်မည်ဖြစ်ပါသည်။

- အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများကိုအခြေခံပြီး ဒေသတစ်ခုအတွင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းပေါ်လစီများကိုချမှတ်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုတွင်ကျယ်ပြန့်စွာ ပါဝင်ပံ့ပိုးနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အဆင့်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာချမှတ်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နိုင်မည်ဖြစ်ပါသည်။

*International obligations and livelihoods approaches*:

- Agenda 21, the action plan of the 1992 Rio Earth Summit, calls for countries to draw up National Strategies for Sustainable Development (NSSD), to ensure economic, environmental and social sustainability.
- The World Bank encourages Comprehensive Development Frameworks (CDFs).
- The World Bank and the IMF use Poverty Reduction Strategy Papers (PRSPs) as a means for linking debt relief with poverty reduction outcomes (now the centrepiece for policy dialogue in all countries receiving concessional loans from the Bank and IMF).
- NSSDs, CDFs and PRSPs are each versions of a Country-level Development Strategy involving livelihoods approaches.
- In Asia Pacific aquatic resources management in poor people's livelihoods should play a key role in Country-level Development Strategies.

**ဆက်စပ်လေ့လာနိုင်ရန်အထောက်အထားအကိုးအကားများ**

- စါ၁၈ မျက်နှာပါ note on comparing development approaches from the UK Department for International Development http://www.livelihoods.org/info/guidance_sheets_pdfs/section6.pdf
- စါ ၄ မျက်နှာပါ Better-practice Guideline on Livelihoods Approaches – Capacity-building and Analysis http://www.streaminitiative.org/Library/bpg/index.html
- Livelihoods and Fisheries in the Lower Mekong Basin: Understanding the concept of livelihoods approaches. Mekong Development Series No. 5 http://www.streaminitiative.org/Library/pdf/pdf-india/FisheriesLivelihoodsStudy.pdf

**မည်သို့ဖြစ်ပေါ်လာပါသနည်း ?**

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်စာစဉ်များကို “ဒေသတွင်းရေနေသယံဇာတထိန်းသိမ်းခြင်းအထောက်အကူပြုအစပျိုးလုပ်ငန်း Support to Regional Aquatic Resources Management (STREAM)” မှပြုစုရေးသားလျက်ရှိပါသည်။ STREAM သည် NACA ၏လုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

စာစဉ်အမှတ်(၁)နှင့်(၂)ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ စာစဉ်အမှတ်(၁)သည် FAO/TCP စီမံကိန်းဖြစ်သော “အာရှနှင့်ပစိဖိတ်ဒေသတွင်းဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ရေလုပ်ငန်းသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့်အထောက်အကူပြုရန်” မှအတွေ့အကြုံများမှအသက်မွေးဝန်းကြောင်းမှုလုပ်ငန်းများသရုပ်ခွဲခြင်းနှင့်အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကိုကောက်နှုတ်ထားပါသည်။

ပိုမိုသိရှိလိုပါက www.streaminitiative.org/Library/India/india.html သို့ဆက်သွယ်နိုင်ပါသည်။ သို့မဟုတ်အောက်ပါလိပ်စါသို့လည်းဆက်သွယ်နိုင်ပါသည်။

STREAM, NACA, Suraswadi Bldg, DOF Complex, Kasetsart University, Ladyao, Jatujak, Bangkok 10900 THAILAND, Fax (662) 561-1727, Tel (662) 561-1728